ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းရုံး၏ စတုတ္ထအကြိမ်မြောက်ညီလာခံမှ သဘောထားထုတ်ပြန်ကြေငြာချက်

နေ့စွဲ – ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်
စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၀၀၇/၀၇

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းရုံး (ရ၊ က၊ လ၊ စ) ၏ စတုတ္ထအကြိမ်မြောက်ညီလာခံကို ၂၀၀၇–ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့မှ (၂၆)ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တစ်နေရာ၌ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ညီလာခံတွင် ကိုယ်စားလှယ်ပေါင်း(၂၅)ဦးတက်ရောက်ခဲ့ကြပြီး အဖွဲ့အစည်း၏လည်ပတ်မှုပုံစံကို ယခင်ဥက္ကဋ္ဌစံနစ်မှ အတွင်းရေးမှူးစံနစ်သို့ ညီလာခံ၏ အတည်ပြုဆုံးဖြတ်ချက်နှင့်အညီ ပြောင်းလဲဖွဲ့စည်းလိုက်သည်။ အစည်းအရုံး၏ နိုင်ငံရေး ဦးတည်ချက်နှင့်ပက်သက်၍ ယခင်တတိယညီလာခံ ဆုံးဖြတ်ချက်ပါ ဦးတည်ချက်(၆)ရပ်အပြင် နောက်ထပ် ရခိုင့်ဂေဟဗေဒ နှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောက်ရှောက်ရေး ဦးတည်ချက်ကို ထည့်သွင်း အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကာလအတန်ကြာ ရပ်နားထားခဲ့သော ဘင်္ဂလားဒေ့ရှ်ဒေသခွဲရုံးအား ဖွဲ့စည်းပုံပြင်ဆင်ချက်နှင့်အညီ ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။

**အစည်းအရုံး၏နိုင်ငံရေးဦးတည်ချက်(၇)ရပ်**

၁။ ရခိုင်ကျောင်းသားနှင့်လူငယ်များ ဗလ (၅) တန် ဖွံ့ဖြိုးရေး၊
၂။ ရခိုင့်ဂေဟစနစ် နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊
၃။ ရခိုင်တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေး၊
၄။ နယ်ချဲ့လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး၊
၅။ အဖိနှိပ်ခံ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လွတ်မြောက်ရေး၊
၆။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရေး၊
၇။ ရခိုင်တစ်မျိုးသားလုံး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊

အထက်ပါ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအလုပ်မှုဆောင်ကော် မတီဝင်(၁၁) ဦးဖြင့်ဖွဲ့စည်းခဲ့ပြီး ညီလာခံတက်ရောက်သူ (၃) ပုံ (၂)ပုံ၏ မဲဆန္ဒနှင့် အညီ အောက်ပါအတိုင်းရွေး ချယ်တင်မြှောက်နိုင်ခဲ့သည်။

**နာယကအဖွဲ့**

| | |
|---|---|
| (၁) ဦးထွန်းဝင်း | (မင်းပြားလွှတ်တော်အမတ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) |
| (၂) ဦးအောင်လှဖြူ | (ကျောင်းအုပ်ဆရာကြီးဟောင်း) |
| (၃) ဦးခိုင်ဦးမောင် | (ကျောင်းအုပ်ဆရာကြီး–BHSOH) |
| (၄) ဦးသီဟ | (ဥက္ကဋ္ဌ၊ ရခိုင်ရဟန်းပျိုသမဂ္ဂ (ပြည်ပ)) |

**သဘာပတိအဖွဲ့**

(၁) ရဲဘော်ဇော်ဇော်အောင်

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

| | |
|---|---|
| (၁) ရဲဘော် အောင်မင်းဦး | (အထွေထွေအတွင်းရေးမှူး) |
| (၂) ရဲဘော် ထွန်းဇော် | (အတွင်းရေးမှူး – ၁ ) |
| (၃) ရဲဘော် ကျော်မြင့် | (အတွင်းရေးမှူး – ၂ ) |
| (၄) ရဲဘော် ထွန်းထွန်း | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |
| (၅) ရဲဘော် သိန်းအောင် | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |
| (၆) ရဲဘော် မင်းသိုက်ထွန်း | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |
| (၇) ရဲဘော် မျိုးမင်းထွန်း | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |
| (၈) ရဲဘော် ကျော်ထိုး | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |

(၉) ရဲဘော် စောထွန်း (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)
(၁၀) ရဲဘော် ခိုင်မြတ်နိုင် (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)
(၁၁) ရဲမယ် ငြိမ်းငြိမ်းလွင် (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)

(၁) ရခိုင်ပြည်သူတစ်ရပ်လုံး ကိုယ့်ကံကြမ္မာကိုယ်ဖန်းတီးခွင့်ရရှိရေး၊ စစ်မှန်သောဒီမိုကရေစီလမ်းစဉ် ပေါ်ထွန်းလာစေရေးအတွက် ပြည်တွင်း ပြည်ပရှိ နိုင်ငံရေး၊ တော်လှန်အင်အားစုများနှင့် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) အနာဂါတ် ရခိုင်ကျောင်းသား၊ လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များနှင့် အရည်အသွေးမြင့်မားသော ကျောင်းသား၊ လူငယ်များ ပေါ်ထွန်းလာရေးကို ဦးစားပေးဆောင်ရွက်သွားမည်။

(၃) စစ်အာဏာရှင်စနစ် ပပျောက်ရေး၊ လူမျိုးကြီးဝါဒပပျောက်ရေးတွင် ဘုံရည်မှန်းချက်တူ မဟာမိတ် တော်လှန်ရေး၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပရှိ ရခိုင်အမျိုးသားအင်အားစုများနှင့် လက်တွဲပူးပေါင်း တိုက်ပွဲဝင်သွားမည်။

(၄) ရခိုင်ပြည်သူတရပ်လုံး၏ သဘောဆန္ဒမပါရှိဘဲ ရခိုင်ပြည်၏ သဘာဝအရင်းအမြစ်များနှင့် သယံဇာ တပစ္စည်းများကို မတရားခေါင်းပုံဖြတ် အမြတ်ထုတ်ယူမှုနှင့် ရခိုင်ပြည်သူတို့အပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ ချမှတ်ထားသော ချုပ်ချယ်ကန့်သတ်၊ ဖိနှိပ်မှုများကို ကာကွယ် တိုက်ဖျက်သွားမည်။

(၅) ပြည်တွင်း၊ ပြည်ပရှိ ရခိုင်အမျိုးသမီးများ၏ အခန်းကဏ္ဍမြင့်မြားလာရေးကို တိုးမြှင့် အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။

(၆) ပြည်တွင်းပြည်ပ ရခိုင်အမျိုးသားတော်လှန်ရေး၊ နိုင်ငံရေးအင်အားစုများ ပိုမိုသွေးစည်းညီညွတ်မှု ရရှိရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်မြှင့်ဆောင်ရွက်သွားမည်။

(၇) ရခိုင်ပြည်အမျိုးသားနိုင်ငံရေးတွင် ရခိုင်အမျိုးသားထုတရပ်လုံး၏ ပူးပေါင်းပါဝင်မှု ရရှိစေရန် အစွမ်းကုန် ဆောင်ရွက်သွားမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံး (ရကလစ)
ဗဟိုဌာနချုပ်
ထိုင်း–မြန်မာနယ်စပ်

ဆက်သွယ်ရန်ဖုန်းနံပါတ် –

ရဲဘော် အောင်မင်းဦး (အထွေထွေအတွင်းရေးမှူး) + ၆၆ ၀၈ ၁၆၇၃၆၃၂၆
ရဲဘော် ကျော်မြင့် (အတွင်းရေးမှူး –၂) + ၈၈ ၀၁၈၁၇၀၇၈၁၃၃ (ဘင်္ဂလားဒေ့ရှ်)